# ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
# Yangon Protestant Reformed Church
## တနင်္ဂနွေစာစောင်

နေ့စွဲ - ၆. ၉. ၀၉

## ဖန်ဆင်းရှင်သူငယ်ချင်း(The Creator Friend)

"ထာဝရဘုရား၏ နုတ်ကပတ်တော်အားဖြင့် မိုးကောင်းကင်ကိုင်၄င်း၊ နုတ်တော်အသက်အားဖြင့် မိုးကောင်းကင်တန်ဆာများကို၄င်း ဖန်ဆင်းတော်မူ၏။ ------- အကြောင်းမူကား ထာဝရဘုရားမြွက်ဆို၍၊ မြွက်ဆိုတော်မူသည်အတိုင်း ဖြစ်၏၊ အမိန့်တော်ရှိ၍၊ မိန့်တော်မူသည်အတိုင်း တည်လျှက်နေ၏။" ဆာလံ ၃၃း၆၊ ၉။

"အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။ ထိုနုတ်ကပတ်တော်သည် အစအဦး၌ ဘုရားသခင်နှင့်အတူရှိ၏။ ထိုနုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းလွတ်လျှက် ဖြစ်သောအရာ တစုံတခုမျှ မရှိ။" ယော ၁း၁-၃

"ထိုမှတပါး၊ ဥပုသ်နေ့သည် လူအဖို့ဖြစ်၏။ လူသည် ဥပုသ်နေ့အဖို့ ဖြစ်သည်မဟုတ်။" မာကု ၂း၂၇

လူတစုကို သူ၏သားတော်အားဖြင့် မွေးစားသားသမီးများဖြစ်လာရန် ကြိုတင်ခွဲခန့်မှတ်သားတော်မူပြီးသည့်အခါ၊ သူတို့အတွက် ဘုရားသခင်သည် ဤအကြောင်းအရာပြည့်စုံလာစေဖို့ ကမ္ဘာလောကကြီးကို ဖန်ဆင်းတော်မူသည်။ ပြည့်စုံစေမည့်အကြောင်းအရာမှာ "အများသောသူတို့သည် ကျေးဇူးတော်ကိုချီးမွမ်းသည်နှင့်၊ ထိုကြွယ်ဝသောကျေးဇူးတော်သည် ဘုရားသခင်၏ဘုန်းအသရေတော်ကို ထင်ရှားစေမည်အကြောင်း၊ ခပ်သိမ်းသောအရာတို့သည် သင်တို့အဖို့အလို့ငှာဖြစ်သတည်း။" ၂ကော ၄း၁၅

### ၁။ ကမ္ဘာကြီးကိုဖန်ဆင်းခြင်း

ဖန်ဆင်းခြင်းဆိုသည်မှာ ဘုရားသခင်က မိမိ၏တန်ခိုးကို ပထမဆုံးအကြိမ် ထုတ်ပြခြင်းဖြစ်သည်။ ကမ္ဘာကြီးကို ဖန်ဆင်းမည်ဟု ဆုံးဖြတ်ပြီး၊ ဘုရားသခင်သည် စကားပြောတော်မူသည်၊ ထိုအခါ သူပြောသည်အတိုင်း အရာခပ်သိမ်းသည် ဖြစ်တည်လာပါသည်၊ ဆာလံ ၃၃း၆-၉၊ "ထာဝရဘုရား၏ နုတ်ကပတ်တော်အားဖြင့် မိုးကောင်းကင်ကို၄င်း၊ နုတ်တော်အသက်အားဖြင့် မိုးကောင်းကင်တန်ဆာများကို၄င်း ဖန်ဆင်းတော်မူ၏။ ------- အကြောင်းမူကား ထာဝရဘုရားမြွက်ဆို၍၊ မြွက်ဆိုတော်မူသည်အတိုင်း ဖြစ်၏၊ အမိန့်တော်ရှိ၍၊ မိန့်တော်မူသည်အတိုင်း တည်လျှက်နေ၏။"ထိုဖန်ဆင်းခြင်းအကြောင်းကို အံ့သြစရာကောင်းစွာ ယောဟန် ၁း၁-၃ တွင်လည်း ထပ်ပြောထားပါသည်။

ထိုဖန်ဆင်းခြင်းသည် လူကိုဖန်ဆင်းရာ၌ အထွဋ်အထိပ်သို့ရောက်ပါသည်၊ ကမ္ဘာ ၁း၂၇ "ထိုသို့ ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကို ဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ လူယောကျ်ား၊ လူမိန်းမကို ဖန်ဆင်းတော်မူ၏။" လူကို ဖန်ဆင်းသည့်အခါ၊ ဘုရားသခင်၏ ပုံသဏ္ဍာန်ကို ထင်ဟပ်နိုင်သောအစွမ်းပါလျှက်နှင့်ဖန်ဆင်းသည်။ ထို့ကြောင့် ဘုရားနှင့်အတူ မိတ်သဟာယဖွဲ့လျှက် နေနိုင်သူအဖြစ်ဖန်ဆင်းပါသည်။

ဘုရားသခင်၏ဖန်ဆင်းခြင်းတန်ခိုးသည် အလွန်ကြီးမားသဖြင့် အားလုံးကို (၆)ရက်အတွင်း ပြီးအောင် ဖန်ဆင်းပါသည်။ အမြဲတမ်းထိုသို့ပင် ရှိနေသလိုမျိုး ဖန်ဆင်းတော်မူခြင်းဖြစ်သည်၊ ရောမ ၄း၁၇ "သေလွန်သောသူတို့ကို ရှင်စေတော်မူထသော၊ မဖြစ်သေးသောအရာတို့ကို ဖြစ်သောအရာကဲ့သို့ မှာထားတော်မူထသော ဘုရားသခင်ဖြစ်သည်။" ဖန်ဆင်းလိုက်ချိန်မှစ၍၊ ကမ္ဘာကြီးသည် အမြဲတမ်း သူ့ဘာသာသူဖြစ်နေသလိုမျိုး ဖြစ်စေတော်မူသောကြောင့်၊ မယုံကြည်သူတို့က ကမ္ဘာကြီးသည် သူ၏စွမ်းအားနှင့် သူ့ဘာသာသူ ဖြစ်လာသည်ဟု ဆက်လက်၍တွေးထင်နေကြလျှက်ရှိနေပါသည် (၂ပေ ၃း၃-၄)။ သို့သော်

ယုံကြည်ခြင်းဖြင့် ကျွန်တော်တို့က ပို၍သိကြပါသည်၊ ဟေဗြဲ ၁၁း၃ "ယခုမြင်ရသောအရာတို့သည်၊ အရင် ထင်ရှားသော အရာထဲက မဖြစ်ဘဲ၊ လောကဓါတ်တို့သည် ဘုရားသခင်၏အမိန့်တော်ကြောင့်သာ တည် ကြသည်ကို ငါတို့သည် ယုံကြည်ခြင်းအားဖြင့် သိကြ၏။"

**၂။ စောင့်မတော်မူခြင်း**

ထိုအရာသည် အစပျိုးသာဖြစ်ပါသည်။ ဘုရားသခင်သည် ဖန်ဆင်းပြီးနောက်၌လည်း၊ သူ၏ စောင်မတော်မူခြင်းဖြင့် ကမ္ဘာကြီးကို အသေးစိတ်ဆက်၍စောင့်လျှောက်ပါသည်။

ထိုစောင်မခြင်းသည် ကမ္ဘာကြီးအား ဆက်လက်တည်ရှိစေခြင်းမှ အစပြုပါသည်။ အရာဝတ္ထုများ သည် ဒီအတိုင်း ရှိနေကြသည် မဟုတ်ပါ၊ ဆက်၍တည်ရှိနိုင်ရန် ဘုရားသခင်၏ နုတ်ကပတ်တော် လို အပ်ပါသည်။ နေဟမိကထိုသို့ပြောသည် ၉း၆ "ကိုယ်တော်သာလျှင် ထာဝရဘုရားဖြစ်တော်မူ၏။ အမြင့် ဆုံးသော ကောင်းကင်နှင့်ကောင်းကင်ဗိုလ်ခြေအပေါင်းတို့ကိုင်း၊ မြေကြီးနှင့်မြေကြီးပေါ်မှာ ရှိရှိသမျှတို့ ကိုင်း၊ ပင်လယ်နှင့်ပင်လယ်၌ ပါသမျှတို့ကိုင်း ဖန်ဆင်းတော်မူ၏။ အလုံးစုံတို့ကို စောင့်မတော်မူ၏။"

ထို့အပြင် ဘုရားသခင်သည် အရာခပ်သိမ်းကို အုပ်ချုပ်တော်မူပါသည်။ ဆာလံကျမ်းက ကဗျာ ဆန်စွာရေးသည်၊ ၁၀၄း၁၄-၁၅ "အထက်ခန်းတော်ထဲက တောင်များကို ရေပေးတော်မူ၏။ စီရင်ပြုပြင် ခြင်း အကျိုးကြောင့် မြေကြီးသည် ရောင့်ရဲလျှက် ရှိ၏။ တိရိစ္ဆာန်ဖို့ မြက်ပင်ကိုင်း၊ လူသုံးဖို့ စပါးပင်ကို ငင်း ပေါက်စေတော်မူသဖြင့် မြေကြီးထဲက မုန့်ကို ထုတ်ဖေါ်တော်မူ၏။" အရာခပ်သိမ်းသည်ထိုဘုရားသ ခင်၏စောင့်မတော်မူခြင်းကိုလိုအပ်ကြပါသည်၊ ရုပ်ဝတ္ထုများ (ယောဘ ၃၇း၈-၁၀)၊ တိရိစ္ဆာန်များ (မဿဲ ၆း၂၆)၊ တိုင်းနိုင်ငံများ (ယောဘ ၁၂း၂၃)၊ လူတယောက်၏ဘဝတခုလုံး (ဆာလံ ၁၃၉း၁၆)၊ မတော်တဆဖြစ်သည်ဟုထင်ရသည့်အရာများ (သုတ္တံ ၁၆း၃၃)၊ သူ့လူမျိုး၏လိုအပ်ချက်များ (ကမ္ဘာ ၂၂း ၈၊ ၁၀)၊ ဆုတောင်းခြင်း၏ရလဒ်များ (၁ရာ ၁း၁၇-၁၉)၊ လူသားတို့လုပ်သောဆိုးညစ်မှုများ (ဟေရှာ ၄၅း ၇၊ အာမုတ် ၃း၆)။ ဤစကြာဝဠာတခုလုံးသည် ဘုရားသခင်၏စောင်မတော်မူခြင်းအောက်တွင် ရှိနေပါ သည်။

ထိုစောင်မတော်မူခြင်းတွင် ရည်ရွယ်ချက်နှင့်ပညာတော်တို့ တည်ရှိနေပါသည်။ အရာအားလုံး သည် မတော်တဆဖြစ်လာသည်မဟုတ်၊ ရီစရာကောင်းသောအမိန့်တော်မှ ဖြစ်လာသည်မဟုတ်၊ ထာဝရ စိတ်နှလုံးတော်၏တွေးခေါ်မျှော်မြင်သော ဒီဇိုင်းနှင့်ရည်ရွယ်ချက်ဖြင့် ဖြစ်လာကြပါသည်။ သူကိုယ်တိုင် က ဟေရှာ ၄၆း၉-၁၀တွင် ဤသို့ပြောပါသည်၊ "ငါသည် ဘုရားသခင်ဖြစ်၏။ ငါမှတပါးအခြားသော ဘု ရားမရှိ။ အဦးမှစ၍ အဆုံးတိုင်အောင်ငင်း၊ ရှေးကာလမှစ၍ မဖြစ်သေးသောအမှုအရာတို့ကိုင်း ဘော် ပြလျှက်၊ ငါ့အကြံတည်လိမ့်မည်။ ငါ့အလိုရှိသမျှကို ငါပြည့်စုံစေမည်။" သမိုင်း၏အဖြစ်အပျက်မှန်သမျှတို့ သည် ၎င်းတို့ကိုဖြစ်ပျက်စေသော နှုတ်ကပတ်တော်၏ အံ့သြစရာထိန်းချုပ်မှုအောက်၌ ဖြစ်ပျက်နေကြ ခြင်း ဖြစ်သည်။ ထိုနှုတ်ကပတ်တော်ကို ယုတ္တိကျခြင်းဟုလည်းခေါ်နိုင်သည်၊ စနစ်တကျဖွဲ့စည်းထား သောစနစ်၊ ဥာဏ်ပညာ ဖြစ်ပါသည်၊ ရှောလမုန်ကဤသို့ပြောသည်၊ "ငါ ဥာဏ်ပညာသည် သမ္မာသတိ နှင့်ပေါင်း၍၊ လိမ္မာသောသိပ္ပံအတတ်များကို ဖေါ်တတ်၏။------ သမုဒ္ဒရာ၌ အကန့်အသတ် အပိုင်းအ ခြားကို ရေမလွှမ်းရမည်အကြောင်း စီရင်သောအမှု၊ မြေကြီးတိုက်မြစ် တည်စေသောအမှုတို့ကို ပြီးစီးစေ သောအခါ၊ ငါသည် ကျွေးမွေးတော်မူသောသားကဲ့သို့၊ အထံတော်ပါးတွင် နေ၍၊ အစဉ်မပြတ်မွေ့လျော် တော်မူရာဖြစ်၏" (သုတ္တံ ၈း၁၂၊ ၂၉-၃၀)။ ထိုဥာဏ်ပညာတော်သည် ကျွန်တော်တို့ကို ဘုရားသခင်ထံ သို့ ပို့ဆောင်ပေးရန် လူ့ဇာတိကိုခံယူသောနုတ်ကပတ်တော်ဖြစ်သည်(ယော ၁း၁၄)။

**၃။ ထို့အရာတို့၏ရည်ရွယ်ချက်**

ထိုအချက်သည် ဘုရားသခင့်ဒီဇိုင်း၏ နှလုံးသားဖြစ်သည်။ အချိန်ထဲတွင် ဘုရားသခင်ပြုသော အရာတို့သည်၊ ကမ္ဘာကြီးကိုငါဖန်ဆင်းနိုင်သည်ဟု ပြသခြင်းထက်ပိုပါသည်။ ထိုသို့လှပစွာ အံ့သြစရာ ကောင်းစွာ ဖန်ဆင်းခဲ့သည်တော့မှန်ပါသည် ထို့ကြောင့် သခင်ယေရှုက "တောနှင်းပင်တို့သည် အဘယ် သို့သောအားဖြင့်ကြီးပွားသည်ကို ဆင်ခြင်ကြလော့။ ထိုအပင်တို့သည် အလုပ်လည်းမလုပ်၊ ချည်ဖြစ်စေ ခြင်းငှာ မငင်မဝင့်၊ သို့သော်လည်း ဘုန်းကြီးသောရှောလမုန်မင်းကြီး၏ အဝတ်သည် ထိုအပင်တစ်ပင်မျှ

၏ အဝတ်ကိုမမှီဟု ငါဆို၏" ဟုပြောနိုင်ခြင်းဖြစ်သည် (မဿဲ ၆း၂၈-၂၉)။ သို့သော် ထိုအရာများသည် မိမိသားတော်ကိုပေးထားသော ဘုရားသခင်၏ပို၍ကြီးကျယ်သောရည်ရွယ်ချက်ကို ပြည့်မြောက်စေသည့် အရာများသာ ဖြစ်ပါသည်။ ထိုရည်ရွယ်ချက်မှာ၊ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာတုတ်နှောင်ခြင်းထဲ၌ ရှိသော သူ၏ကိုယ်ပိုင်ဘဝကို ထာဝရပင် ပါဝင်ဆက်ဆံနိုင်မည့် လူတစုကို ပိုင်ဆိုင်ရန်ပြုတော်မူခြင်း ဖြစ်သည်။

ထိုအချက်ကို သခင်ယေရှုက ဥပုသ်နေ့နှင့်ပတ်သက်၍ ဖါရိရှဲများနှင့်ငြင်းခုံရာတွင်အရိပ်အမြွက် နှင့်ဖေါ်ပြပါသည်။ ဥပုသ်နေ့သည် ဖန်ဆင်းခြင်း(၆)ရက်ကိုအဆုံးသတ်သည့်နေ့ဖြစ်သည်၊ ဘုရားသခင်၏ ပြည့်စုံသော အလုပ်ကို ခံစားရန် သီးသန့်ခွဲထားသော နေ့တနေ့ ဖြစ်သည်။ သို့သော် ဂျူးတို့က ထိုနေ့ ရက်သည် ဘုရားသခင်က သူ့အတွက် ခွဲခြားထားသောနေ့၊ သူ၏စိတ်တော်နှင့်တွေ့စေရန် သီးသန့်စောင့် ထိန်းရမည့်နေ့ဟု ထင်လာကြသည်။ ထို့ကြောင့် သခင်ယေရှုက "ဥပုသ်နေ့သည် လူအဖို့ ဖြစ်သည်။ လူ သည် ဥပုသ်နေ့အတွက်မဟုတ်"ဟုပြောခဲ့ခြင်းဖြစ်သည် (မာကု ၂း၂၇)။ ဆိုလိုသော အကြောင်းသည် ရှင်းနေသည်။ ဘုရားသခင်က သူ၏ဖန်ဆင်းခြင်းပြည့်စုံရန် လူကိုဖန်ဆင်းခြင်းမဟုတ်ပါ၊ လူသည် သူ့အ တွက် ဘုရားသခင်က ပြင်ဆင်တော်မူသော အနားယူခြင်းထဲ ဝင်ရောက်နိုင်ရန် အရာခပ်သိမ်းကို ဖန် ဆင်းရခြင်းဖြစ်သည်။

ထို့ကြောင့် ကျမ်းစာတအုပ်လုံးတွင် ဖန်ဆင်းရခြင်းနှင့်ပတ်သက်၍ ဘုရားသခင်၏ ရည်ရွယ် ချက်သည် လူသားထဲ၌သာအဓိကထားဖေါ်ပြနေသည်ကိုတွေ့ရမည်ဖြစ်သည်။ ထိုအကြောင်းကို ရောမ အခန်း(၈)အဆုံးသတ်လောက် လှပအောင် ပြောသည့်နေရာ ရှိမည်မထင်ပါ၊ အထူးသဖြင့် နှစ်သိမ့်စရာ ကောင်းလှသည့် စကားလုံးများဖြင့်(ငယ် ၂၈)မှစတင်သည်၊ "ဘုရားသခင်ကိုချစ်သောသူတည်းဟူသော၊ ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသောသူတို့၏အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတ ညွတ်တည်း ပြုစုကြသည်ကို ငါတို့သည်သိကြ၏။" ထို့နောက် ဘုရားသခင်က သူ၏လူများကို သူ၏ချစ် ခြင်းမေတ္တာအတွင်း ခေါ်ဆောင်တော်မူခြင်း ရည်ရွယ်ချက်ကို မေးခွန်းမေးဟန်နှင့် ဆက်ပြောပြပါသည်၊ "ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့် ငါတို့ကို အဘယ်သူ ကွာစေမည်နည်း။ --- မကွာစေသည်သာမက၊ ငါ တို့ကို ချစ်တော်မူသောသူ၏ ကျေးဇူးတော်ကြောင့် ငါတို့သည် ထိုအမှုခပ်သိမ်းတို့ကို ခံစဥ်တွင်ပင် အထူး သဖြင့် အောင်မြင်ကြ၏" (၃၅၊ ၃၇)။

ဘုရားသခင်သည် ထာဝရကာလမှပင် သူ၏သားသမီးများအဖြစ် သိနိုင်သော လူတစုကို ခွဲခန့် မှတ်သားတော်မူသည်။ ထို့ကြောင့် ဤလောကတွင် ဖြစ်ပျက်သမျှ အကြောင်းအရာ အားလုံးသည် ချစ် ခြင်းမေတ္တာနှင့်သူငယ်ချင်းဖြစ်မှုမိတ်သဟာယအတွင်း ကျွန်တော်တို့ ဘုရားသခင်နှင့်အတူထာဝရနေနိုင် ရန် ပြင်ဆင်ပေးသော နည်းလမ်းများသာ ဖြစ်ပါတော့သည်။ ယော ၁၇း၂၁ ကပြောသည်၊ "ထိုသူအ ပေါင်းတို့သည် တစ်လုံးတဝတည်းဖြစ်လျှက်၊ အဘ၊ ကိုယ်တော်သည် အကျွန်ုပ်၌ ရှိတော်မူ၍၊ အကျွန်ုပ် သည်လည်း ကိုယ်တော်၌ရှိသကဲ့သို့၊ ထိုသူအပေါင်းတို့သည် ငါတို့၌ တစ်လုံးတစ်ဝတည်း ဖြစ်စေခြင်းငှာ ဆုတောင်းပါ၏။"

---

## အသင်းတော်၊ အစ္စရေး – အပိုင်း (၂)

(The Church, Israel - Part 2)

ဓမ္မဟောင်းကာလတွင် "စစ်မှန်သောအစ္စရေး"သည် နှလုံးသားအရေဖျားလှီးခြင်းကိုခံသော ဂျူး လူမျိုးထဲတွင် ရှိခဲ့ပါသည်။ ဓမ္မသစ်ကာလတွင်တော့ အသင်းတော်ထဲတွင် ရှိနေပါသည်၊ ယုံကြည်သော ဂျူးများနှင့် ယုံကြည်သောတပါးအမျိုးသားတို့တွင် ဖြစ်သည်။ ရှင်ပေါလုအသုံးပြုသောနိမိတ်ပုံအရဆိုလျှင် (ရောမ ၁၁) တပင်သောသံလွင်ပင် ဖြစ်ပါမည်။ သံလွင်ပင်တပင် = စစ်မှန်သောအစ္စရေး = အသင်း တော်၊ သဘာဝအကိုင်းအခက်များ (ဂျူးယုံကြည်သူများ)၊ သဘာဝမဟုတ်သောအကိုင်းအခက်များ (ယုံ ကြည်သောတပါးအမျိုးသားများ) ဖြစ်ကြပါသည်။

အောက်ပါကျမ်းပိုဒ်များကို သေချာစွာလေ့လာလျှင် ထိုအမှန်တရားသည် ပို၍ပေါ်လွင်လာပါ မည်။ ဓမ္မဟောင်းကာလမှ အစ္စရေးတို့ရရှိသော အခွင့်ထူးများ၊ ကတိတော်များ၊ ပရောဖက်ပြုချက်များ သည် ဓမ္မသစ်အသင်းတော်တွင် ပြည့်စုံကြပြီဖြစ်သည်။

(၁) တမန် ၁၅း၁၄-၁၈၊ ဤနေရာတွင် တမန်တော်ယာကုပ်က အာမုတ်အနာဂတ္တိကျမ်း (၉)မှပရောဖက်ပြုချက်ဖြစ်သည့် ဒါဝိဒ်မင်း၏တဲကို ပြန်လည်တည်ထောင်ခြင်းသည် တပါးအမျိုးသားများ သခင်ခရစ်တော်ကို ယုံကြည်လာခြင်း၊ ခရစ်ယာန်အသင်းတော် ဖွဲ့စည်းဖြစ်ပေါ်တိုးတက်လာခြင်းတို့တွင် ပြည့်စုံပြီဖြစ်ကြောင်း ရှင်းပြပါသည်။

(၂) ရောမ ၉း၂၅-၂၆၊ ဤနေရာတွင် ရှင်ပေါလုက ဟောရှေအနာဂတ္တိကျမ်းမှ (၂)ပိုဒ်ကိုကိုးကားပါသည် (ဟောရှေ ၂း၂၃၊ ၁း၁၀)။ ဟောရှေ ရည်ညွှန်းသည်မှာ ဘီစီ ၇၂၂-၂၁ တွင်အာဆီးရီးယားတို့လက်သို့ကျရောက်မည့် မြောက်ပိုင်းအစ္စရေးနိုင်ငံရှိ အစ္စရေးမျိုးနွယ်(၁၀)နွယ်ကိုဖြစ်သည်။ ထိုပုန်ကန်သောအမျိုးများကို ပြည်လည်စုစည်းတည်ထောင်ခြင်းသည် တပါးအမျိုးသားများ ခရစ်တော်ကိုယုံကြည်ခြင်းတွင် ပြည့်စုံပြီဖြစ်ကြောင်း ပေါလုက ပြောနေပါသည်။ ကမ္ဘာ့တိုင်းနိုင်ငံများရှိ လူမျိုးစုံ၊ စကားစုံ ပုံသဏ္ဍာန်အမျိုးမျိုးတို့ထဲမှ ယုံကြည်သူများကို ခေါ်ယူစုစည်းနေခြင်းသည် အစ္စရေးလူမျိုးကိုပြန်လည်စုစည်းသော ပရောဖက်ပြုချက်များ ပြည့်စုံခြင်းဖြစ်သည်ဟု ပေါလုက ပြောနေခြင်းဖြစ်သည်။

(၃) ဗျာဒိတ် ၂း၁၇၊ ရှင်ယောဟန်က "အောင်မြင်သောသူ"(အသင်းတော်ကို ဆိုလိုသည်)သည် "နာမည်သစ်"ကိုရမည်၊ "ထိုနာမည်သစ်ကို ရသူမှတပါး၊ အဘယ်သူမှမသိရ"ဟုပြောပါသည်။ ထိုစကားလုံးများသည် ပရောဖက်ဟေရှာယ ၆၂း၂ မှဖြစ်သည်၊ "တပါးအမျိုးတို့သည် သင်၏ဖြောင့်မတ်ခြင်းကိုငှင်း၊ ရှင်ဘုရင်အပေါင်းတို့သည် သင်၏ဘုန်းအသရေကိုငှင်း မြင်ရကြလိမ့်မည်။ ထာဝရဘုရား၏နှုတ်တော်ထွက် *နာမသစ်ဖြင့်* သင့်ကိုခေါ်ကြလိမ့်မည်။" အစ္စရေးလူတို့ အနာဂတ်တွင် ရှင်ဘုရင်များကဲ့သို့ ဘုရားသခင်ထံ ပြန်လည်စုစည်းမည့်အကြောင်းသည် ဓမ္မသစ်အသင်းတော်တွင် အတိတကျပြည့်စုံနေကြောင်းကိုပြောနေခြင်းဖြစ်သည်(ဟေရှာ ၆၅း၁၅တွင်လည်း နာမည်သစ် ဆိုသည်ကို တွေ့ရသည်)။

(၄) ဗျာဒိတ် ၃း၉၊ ဤနေရာတွင် သခင်ယေရှုက ဖိလဒေလဖိအသင်းတော်ကို ဤသို့ပြောခဲ့ပါသည်၊ "ယုဒလူဖြစ်ယောင်ဆောင်၍ အမှန်မဟုတ်ဘဲ၊ မုသာစကားကို ပြောသောသူတည်းဟူသော စာတန်၏ အပေါင်းသင်းဝင်အချို့ကို သင်၌ငါအပ်ပေးမည်။ သူတို့သည် လာ၍ သင်၏ခြေရင်း၌ ပျပ်ဝပ်စေမည်။"
ယောဟန်က "မိမိကိုယ်ကို ဂျူးဟုပြောနေသော်လည်း၊ မဟုတ်သူများ၊ လိမ်နေသူများ"ဟု ပြောသဖြင့်၊ အာဗြဟံ၏ မျိုးနွယ်ဆက်များ၊ အသွေးအသားဖြင့် ဣဇက်၊ ယာကုပ် တို့၏အမျိုးများ၊ တရားဇရပ်တွင် စနေနေ့တိုင်း ဝတ်ပြုရန် စုစည်းကြသူများဖြစ်သည်။ သူတို့သည် အတွင်းသဘော၌ငှင်း၊ ဝိညာဉ်ရေးရာ၌ငှင်း ဂျူးမဟုတ်ကြပါ။ သခင်ယေရှုကိုငြင်းပယ်သူများ၊ အသင်းတော်ကို နှိပ်စက်ကြသူများ၊ ဘုရားသခင့်လူများကို မကောင်းပြောသူများဖြစ်ကြသည်။ သူတို့၏တရားဇရပ်များတွင်စုဝေးကြခြင်းသည် စာတန်နှင့်အတူစုဝေးကြခြင်းဟု သခင်ယေရှုကပြောနေပါသည်။
သူတို့သည် ဂျူးအတုများဆိုလျှင် မည်သူတို့သည် အစစ်နည်း။ သူတို့၏စနေနေ့စည်းဝေးခြင်းသည် စာတန်၏ စည်းဝေခြင်းဆိုလျှင်၊ မည်သူတို့၏စည်းဝေခြင်းသည် ဘုရားသခင်၏စည်းဝေးခြင်းနည်း။ အသင်းတော်ဖြစ်သည်။ ယုံကြည်သူတို့သည် ဂျူးအစစ်ဖြစ်ကြသည်။ အသင်းတော်စည်းဝေးခြင်းသည် ဘုရားသခင်၏စည်းဝေခြင်းသာဖြစ်ပါတော့သည်။ ယုံကြည်သူများကို ရှင်ပေါလုက "ငါတို့သည်မှန်သောအရေဖျားလှီးခြင်းကိုခံသောသူများဖြစ်ကြသည်"ဟု ဖိလိ ၃း၃ တွင်ပြောထားပါသည် (ရောမ ၂း၂၈-၁၉ ကိုလည်းဖတ်ပါ)။

(၅) ဗျာဒိတ် ၇း၁၅က ယုံကြည်သူများ ဘုရားသခင်၏ကောင်းကင်ဘုံနှင့်ဆိုင်သော ဗိမာန်တော်တွင်ရှိနေကြပုံနှင့် ဘုရားသခင်သည် သူ၏တဲတော်ကို သူတို့အပေါ်ဖြန့်ထားပုံတို့ကိုပြောပြပါသည်။ ၄င်းသည် ယေဇကျေလ ၃၇း၂၆-၂၈ ကိုကိုးကားခြင်းဖြစ်သည်။ ယေဇကျေလက အစ္စရေးတို့ကိုပြန်လည်စုစည်းခြင်းအကြောင်းပြောသည်။ ထိုနေရာတွင် ဘုရားသခင်က "ငါ၏သန့်ရှင်းရာဌာနကို သူတို့အလယ်၌ အစဉ်အမြဲထားမည်၊ ငါ၏သန့်ရှင်းရာဌာနကို သူတို့အလယ်၌အစဉ်အမြဲထားမည်"ဟုပြောခဲ့သည်။ ဗျာဒိတ်ကျမ်း ၂၁း၃ က ယေဇကျေလ ၃၇း၂၇ ကို ပို၍ ပြည့်စုံစွာကိုးကားပါသည်။ ထိုကျမ်းပိုဒ်များက

အစ္စရေးလူမျိုး နောက်ဆုံးနေ့များတွင် ပြန်လည်စုစည်းမည့်အကြောင်းသည် မရေမတွက်နိုင်အောင် များပြားသည့် ကယ်တင်ခြင်းခံရသူအသင်းတော်တွင် ပြည့်စုံကြောင်းပြောနေခြင်းဖြစ်သည်။ထိုအကြောင်းကို ဟေရှာ၄၉း၁၀ ကလည်းပို၍သေချာအောင်ပြောပါသည်၊ "သူတို့သည် ရေနှင့်အစာကို မငတ်မွတ်ရ၊ အပူကိုလည်း မခံရကြ။ နေရောင်ခြည်မထိရ။ အကြောင်းမူကား သူတို့ကိုသနားသောသူသည် သူတို့ကို ပို့ဆောင်၍ စမ်းရေတွင်းအနားသို့ လမ်းပြလိမ့်မည်။" ထိုကျမ်းပိုဒ်ကို ဗျာ ၇း၁၆-၁၇နှင့်နှိုင်းယှဉ်ပါက ဟေရှာယ၏ပရောဖက်ပြုချက်သည် အသင်းတော်တွင် ပြည့်စုံကြောင်းသိသာမည်ဖြစ်သည်။

==========================================

## နှစ်ခြင်းတို့ကအမေးဆုံးမေခွန်းကိုဖြေခြင်း

နှစ်ခြင်းဂိုဏ်းများက အမေးဆုံးမေးခွန်းသည် မည်သည့်မေးခွန်းဖြစ်ပါသနည်း။ ကလေးဗတ္တိဇံနှင့်ပတ်သက်၍ဖြစ်သည်။ "ဓမ္မသစ်ကျမ်းစာထဲမှ ဘယ်နေရာမှာ ကလေးငယ်ကိုဗတ္တိဇံပေးပါသလဲ၊ ပြပါ" ဟူ၍ဖြစ်သည်။ အဖြေကိုပေးပါမည်။

၁ကော ၁၀း၁-၂ တွင်ဖြစ်သည်။"ညီအကိုတို့၊ ငါတို့ဘိုးဘေးအပေါင်းတို့သည် မိုးတိမ်အောက်မှာ ရှိ၍၊ ပင်လယ်အလယ်၌လျှောက်သွားကြသည်ဟူ၍၄င်း၊ မိုးတိမ်နှင့်ပင်လယ်ထဲမှာ မောရှေ၌ ဗတ္တိဇံကို ခံကြသည်။"

ပင်လယ်နီကိုဖြတ်သန်းခြင်းအား၊ ဘုရားသခင်က ဗတ္တိဇံခံခြင်းဟုပြောပါသည်။ အစ္စရေးလူ တအုပ်တမကြီး ဖြတ်ကူးကြခြင်းဖြစ်သည်။ လူမည်မျှများသနည်းဆိုသော်၊ အသက်နှစ်ဆယ်ကျော် စစ်တိုက်နိုင်သူပင် ခြောက်သိန်းသုံးထောင်ငါးရာငါးဆယ်ရှိပါသည်(တောလည် ၁း၄၆)။ ကလေးအများကြီးပါသည်၊ သူတို့လဲ ပင်လယ်နီကိုဖြတ်ကူးကြရသည်။ သူတို့လည်း မောရှေ၌ ဗတ္တိဇံကို ခံကြပါသည်။

နှစ်ခြင်းတို့ကပြောပါသည်၊ ဓမ္မဟောင်းကာလမှဗတ္တိဇံသည် ဓမ္မသစ်ကာလအတွက် ပုံဆောင်ချက်သာဖြစ်သည်ဟုပြောကြပါသည်၊ ထို့ကြောင့် ကျွန်တော်တို့က ပြန်ပြောသည်မှာ ထိုပုံဆောင်ချက်တွင် ကလေးများပါပါသည်ဟု။ ထိုအခါ နှစ်ခြင်းတို့ကပြောပါသည်၊ ပင်လယ်နီတွင်ဗတ္တိဇံခံသည်ကို သူတို့သတိမထားမိကြပါ၊ ထို့ကြောင့် ကျွန်တော်တို့က ပြန်ပြောပါသည် "ကလေးငယ်များလည်း သူတို့ကို ဗတ္တိဇံပေးချိန်အား မမှတ်မိကြပါ၊ ထိုသို့ပင် အသင်းတော်ငယ်ရွယ်စဉ်ချိန်တွင်လည်း မမှတ်မိပါ။"

ဤနေရာရောက်သော် နှစ်ခြင်းတို့က တိုက်ခိုက်ပုံကိုပြောင်းကြပြန်သည်၊ "ဗတ္တိဇံပေးခြင်းသည် နှစ်ခြင်းဖြင့်ဖြစ်သည်"ဟု၊ ကျွန်တော်တို့က ပြန်ဖြေပါသည်၊ "အကယ်၍သာ သူတို့ကို နှစ်ခြင်းဖြင့် ဗတ္တိဇံပေးခဲ့ပါက၊ သူတို့သည် ဖါရောဘုရင်၏စစ်တပ်နှင့်အတူ သေကုန်ကြမည်"ဟု။ ဖါရောဘုရင်နှင့် သူ့စစ်တပ်သည် နှစ်ခြင်းခံကြပါသည်၊ သို့သော် ဗတ္တိဇံတော့မခံကြပါ။ အစ္စရေးတို့မှာမူ ဗတ္တိဇံကို ခံကြပါသည်၊ သို့သော် နှစ်ခြင်းတော့မခံကြပါ။ တကယ်ပြောရလျှင် သူတို့၏ဗတ္တိဇံခံခြင်းသည် နှစ်ခြင်းမခံခြင်းတွင် မူတည်နေပါသည်။ ထို့ကြောင့် ဗတ္တိဇံနှင့်နှစ်ခြင်းသည် ဘာမှမဆိုင်သောအကြောင်းအရာနှစ်ခုဖြစ်ပါသည်။

ထိုသို့ပင် နောဧနှင့်သူ့မိသားစုလည်း ပြောရပါမည် (၁ပေ ၃း၂၀-၂၁)။

ဗတ္တိဇံ၏ရည်ရွယ်ချက်သည် နှစ်ခြင်းသာဖြစ်ခဲ့လျှင်၊ ကယ်တင်ခြင်းခံရသူများကို ပြသရာမရောက်တော့ပါ၊ ပျက်ဆီးခြင်းကိုသာပြသရာရောက်ပါတော့မည်။ နှစ်ခြင်းကပြနေသည်မှာ
ဖါရောဘုရင်နှင့်သူ့အပေါင်းအပါများ သေဆုံးကြခြင်း၊ နောဧခေတ်ရေလွှမ်းမိုးချိန်တွင်
ဆိုးညစ်သူတို့နှစ်ခြင်းဖြင့်သေဆုံးကြခြင်း၊ နောက်ဆုံးသောနေ့တွင် ဘုရားခသင်မရွေးကောက်သောသူတို့ ငရဲမီးအိုင်အတွင်း နှစ်ကြခြင်းဆို့ကိုသာပြသပါသည်။

အမှုတော်မြတ်၌
ဆရာဆန်ကဲ